BNI Myanmar Peace Monitor

# Weekly News Review

Issue 91, February 1 - 7 , 2023

# အချင်းချင်းအကြား ပဋိပက္ခတိုက်ပွဲများက ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအပေါ် ရိုက်ခတ်နိုင်သလား

# အချင်းချင်းအကြား ပဋိပက္ခတိုက်ပွဲများက ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအပေါ် ရိုက်ခတ်နိုင်သလား

## နိဒါန်း

နှစ်ပေါင်း ၇၀ ကျော်ကြာ အမြစ်တွယ်နေသည့် ပြည်တွင်းစစ်မီးသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုကြောင့် ပိုမိုအပြန့်ကျယ်စွာ တောက်လောင်လာခဲ့ပြီဖြစ်သည်။ ကရင်အမျိုးသားအစည်းအရုံး(KNU/KNLA)၊ ကချင်လွတ်လပ်ရေးတပ်မတော်(KIO/KIA)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP/KA)၊ သျှမ်းပြည်တိုးတက်ရေးပါတီ(SSPP/SSA) စသည့် ၂၀ ဖွဲ့ထက် မနည်းသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ(EROs)နှင့် ယခု စစ်အာဏာသိမ်းရန် ကြိုးပမ်းနေသော စစ်ကောင်စီတပ်များအကြား တိုက်ပွဲများသည် ဆိုခဲ့ပါ ERO များ လှုပ်ရှားရာနယ်မြေဒေသအတွင်းသာ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ယခု ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော စစ်အာဏာသိမ်းရန် ကြိုးပမ်းနေသည့် ကာလအတွင်းတွင်မူ အဆိုပါ ERO များကဲ့သို့ စစ်ကောင်စီတပ်များအား ခုခံတော်လှန်စစ်ဆင်နွှဲနေကြသော တောင်တန်းမြေပြန့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF-LDF) ပေါင်း ရာနှင့်ချီကာ ထွက်ပေါ်လာခဲ့ပြီး ပြည်တွင်းစစ်မီးသည်

Myanmar Peace Monitor

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့ပြ၊ ကျေးလက်ဒေသအလိုက် နေ့စဉ်ရက်ဆက် တောက်လောင်လာခဲ့သည်။

စစ်အာဏာစနစ်အပါအဝင် အာဏာရှင်မှန်သမျှ အမြစ်ပြုတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးသို့ ဦးတည်ချက်အခိုင်အမာ ချမှတ်လျှောက်လှမ်းနေကြသော နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်ရေးအင်အားစုများ (EROs ၊ PDF – LDF)နှင့် စစ်ကောင်စီလက်အောက်ခံမဟုတ်သော ERO များအကြား တိုက်ပွဲဖြစ်ပွားမှုများကို ခပ်စိတ်စိတ်တွေ့ရှိလာခဲ့ပြီ ဖြစ်သည်။ ထို့အပြင် မူလ ERO ထိန်းချုပ်နယ်မြေများအတွင်း နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်ဘောင် ဖြန့်ထွက်လာမှုများကိုလည်း သတိပြုစရာတွေ့ရှိလာပါသည်။

ယခုတစ်ပတ် BNI - Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် အာဏာသိမ်းစစ်ကောင်စီအား ခုခံတော်လှန်နေကြသည့် ERO များ၊ PDF-LDF များအချင်းချင်းအကြား ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပြန့်ကျယ်လာသော ပြည်တွင်းစစ်အခြေအနေများအပေါ် ချဉ်းကပ်တင်ပြသွားပါမည်။


## ဖြစ်စဉ်များနှင့် အချက်အလက်များ

နွေဦးတော်လှန်ရေးကာလအတွင်း ကရင်အမျိုးသားအစည်းအရုံး(KNU/KNDO) မှ နုတ်ထွက်ကာ ဖွဲ့စည်းဖြစ်တည်လာသော ဗိုလ်မှူးချုပ်စောနယ်ဒါးမြ ဦးဆောင်သည့် ကော်သူးလေတပ်မတော်(KTLA)နှင့် KNU/KNLA တပ်မဟာ (၄) အကြား ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နှစ်ဖက်အပြန်အလှန်တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း Karen Information Center (KIC) သတင်းဌာနတွင် ဖော်ပြထားသည်။ တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ထီးမုပ္ပာအထူးဒေသ ဗိုလ်စောအယ်ခွီး ဦးဆောင်သည့် KTLA နှင့် KNU တပ်မဟာ (၄)အကြား မကြာခဏဆိုသလို ပဋိပက္ခဖြစ်ပွားလျက်ရှိပြီး အရပ်သား သတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍လည်း အပြန်အလှန် စွပ်စွဲပြောဆိုမှုများ၊ တပ်ဖွဲ့ဝင်အချင်းချင်းကြား တိုက်ခိုက်ပစ်ခတ်ဖမ်းဆီးမှုများ ပြုလုပ်ကြလေ့ရှိကြောင်း KIC က ဆိုပါသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက်၊ စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ်၊ တော်စီကျေးရွာရှိ ရှမ်းနီအမျိုးသားများတပ် မတော် (SNA) စခန်းကုန်းနှင့် ဂိတ်စခန်းများကို ခန္တီးခရိုင် အမှတ်(၁) တပ်ရင်းနှင့်မဟာမိတ်တပ်ဖွဲ့များဖြစ်သည့် ဟုမ္မလင်း HPDF 124၊ HPDF ၊ HPDFမိုးကြိုးစစ်ကြောင်း ပူးပေါင်းအဖွဲ့များမှ တိုက်ခိုက်သိမ်းပိုက်ခဲ့ကြောင်း ခန္တီးခရိုင် အမှတ်(၁)တပ်ရင်း - ဟုမ္မလင်း၏ ထုတ်ပြန်ချက်ကို ကိုးကားကာ မဇ္ဈိမသတင်းဌာနတွင် ဖော်ပြထားသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၈ ရက်ကလည်း စစ်ကိုင်းတိုင်း၊ ဗန်းမောက်မြို့နယ်အတွင်း KIA ၊ PDF ပူးပေါင်း တပ်ဖွဲ့နှင့် SNA တို့အကြား ကျောက်ဆည်ရွာအနီးတွင် တစ်ကြိမ်၊ နောင်ပါတ်ရွာအနီးတွင် တစ်ကြိမ် တစ်ရက်တည်း တိုက်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း ဒေသခံများက ပြောဆိုခဲ့သည်ဟု DVB သတင်းဌာနက ဆိုပါသည်။

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ စစ်အာဏာသိမ်းကာလအတွင်း ERO များ၊ PDF-LDF များ အချင်းချင်း တိုက်ပွဲဖြစ်ပွားမှုသည် ရက်ပေါင်း ၄၁ ရက်ရှိခဲ့ပြီး ထိုအနက် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/SSA)နှင့် ရှမ်းမြောက်ပိုင်းဒေသရှိ ERO များအကြား တိုက်ပွဲဖြစ်ပွားမှုသည် အများဆုံးဖြစ်ခဲ့သည်။ RCSS သည် SSPP/SSA နှင့်လည်းကောင်း၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ် (TNLA)နှင့်လည်းကောင်း၊ ဝပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP/UWSA)နှင့်လည်းကောင်း တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။ ထို့နောက်တွင်မှ SNA နှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်(PDF-LDF)များ၊ KIO/KIA ပူးပေါင်းတပ်အကြား တိုက်ပွဲဖြစ်ပွားမှုများကို စစ်ကိုင်းတိုင်း ဟုမ္မလင်းနှင့် ဖန်းမောက်ဒေသများတွင် တွေ့ရသည်။ ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း ဇိုမီးတော်လှန်ရေးတပ်မတော်(ZRA)နှင့် ဒေသခံကာကွယ်ရေးတပ်(CDF)၊ ချင်းအမျိုးသားတပ်ဦး(CNF/CNA)တို့အကြား တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့ပါသည်။





သို့နှင့်တိုင် ယင်းကဲ့သို့ အချင်းချင်းတိုက်ပွဲဖြစ်ပွားမှုများရှိလာသော ERO များ၊ PDF-LDF များအနေဖြင့် အာဏာသိမ်းစစ်ကောင်စီအား နေ့စဉ်ရက်ဆက် တိုက်ပွဲဖော်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ အမည်နာမမျိုးစုံ၊ အသွင်သဏ္ဌာန်ကွဲပြားစွာဖြင့် ဖြစ်တည်ပေါက်ဖွားလာသော PDF – LDF များနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရက်ပေါင်း ၁၅၅၆ ရက်အထိ ရှိခဲ့ပြီး

ERO များနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုစုစုပေါင်းထက် နှစ်ဆကျော်ပိုမိုပြင်းထန်စွာ ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ အာဏာသိမ်းစစ်ကောင်စီတပ်များအား သက်ဆိုင်ရာ ERO တစ်ဖွဲ့ချင်းစီအလိုက် ထိန်းချုပ်နယ်မြေများအတွင်း တိုက်ပွဲ ဖြစ်ပွားမှုကို လေ့လာကြည့်ပါက KNU/KNLA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုသည် အများဆုံးဖြစ်ပြီး KIO/KIA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုသည် ဒုတိယအများဆုံး ဖြစ်ပွားခဲ့သည်ကို တွေ့ရပါ သည်။ ထို့နောက် ရက္ခိုင့်တပ်တော်(ULA/AA)နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှု၊ ကိုးကန့်တပ်ဖွဲ့ (MNDAA)နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှု၊ TNLA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှု၊ KNPP/KAနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုများသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ဆယ်ဂဏန်းအထက် ဖြစ်ပွားခဲ့သည်ကို တွေ့ရပါသည်။

BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ စစ်အာဏာသိမ်းကာလအအတွင်း

**PDF – LDF များနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရက်ပေါင်း ၁၅၅၆ ရက်အထိ ရှိခဲ့ပြီး ERO များနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုစုစုပေါင်းထက် နှစ်ဆကျော်ပိုမိုပြင်းထန်**

BURMA NEWS INTERNATIONAL




စစ်အာဏာသိမ်းကာလအတွင်း SNA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှု၊ RCSS/SSA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှု၊ SSPP/SSA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှု၊ ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA) နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုများကိုလည်း တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ဆယ်ဂဏန်းအောက်တွင် ရှိနေသည်ကို BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ သိရှိရပါသည်။

## တွေ့ရှိချက်များ

အထက်တွင် တင်ပြခဲ့သည့် ဖြစ်စဉ်များ၊ ကိန်းဂဏန်းအချက်အလက်များကို ချဉ်းကပ်တွက်ဆကြည့်ပါက ERO များ၊ PDF – LDF များ၏ ခုခံတော်လှန်စစ်ဦးတည်ရာ (တနည်း) ပစ်မှတ်ဆုံချက်သည် အာဏာသိမ်းစစ်ကောင်စီတပ်များ ဖြစ်နေသည်ကို ထင်ရှားစွာ မြင်တွေ့ရပါသည်။ တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်ကို အာမခံသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးသို့ ဦးတည်ရည်မှန်းရာသည် နွေဦးတော်လှန်ရေး၏ အန္တိမပန်းတိုင်နှင့် ကွဲထွက်မနေခြင်းကြောင့် အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်ရေးအင်အားစုများအချင်းချင်းအကြား အကျိုးစီးပွားနှင့် အတ္တအစွဲများကိုသာ ဖက်တွယ်မထားပါက ပေါင်းစည်းညီညွတ်ရေးသည် ခဲခက်လိမ့်မည်မဟုတ်ပေ။

မွန်ပြည်သစ်ပါတီ(NMSP)သည် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်းရှိ မွန်လူမျိုးအများစုနေထိုင်ရာ ကမ်းနီနှင့် အနီးတဝိုက်ရှိ ကျေးရွာများတွင် ဖြစ်ပွားခဲ့သော စစ်ကောင်စီတပ်နှင့် ဗိုလ်စောအယ်စေးဝါး ဦးဆောင်သော Lion Battalion Commando ပူးပေါင်းစစ်ကြောင်းအကြား တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့် တိုက်ပွဲအတွင်း မီးရှို့မှုဖြစ်စဉ်များနှင့်ပတ်သက်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ထုတ်ပြန်ချက် ထုတ်ပြန်ခဲ့သည်။ “လက်နက်ကိုင်တပ်များအနေဖြင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များအား လေးစားလိုက်နာ၍ အများပြည်သူများနေထိုင်သည့် ကျေးရွာများ၊ လူနေရပ်ကွက်များအား ရှောင်ရှား၍ လူပ်ရှားတိုက်ပွဲဖော်ကြရန်” NMSP က တိုက်တွန်းထားသည်။

NMSP ၏ ထုတ်ပြန်ချက်နှင့် ပတ်သက်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်လိုအပ်ကြောင်းနှင့် မီးလောင်မှု၏ တရားခံသည် မည့်သည့်အဖွဲ့အစည်းဖြစ်ကြောင်းကို ပြည်သူလူထုအနေဖြင့် သိရှိထားပြီးဖြစ်ကြောင်း Lion Battalion Commando စစ်ကြောင်း ပြန်ကြားရေးတာဝန်ခံ တောင်ပိုင်းနဂါးက မဇ္ဈိမသတင်းဌာနထံ ရှင်းလင်းပြောဆိုထားပါသည်။ “ကိုယ့်လူမျိုးကို ချစ်တယ်ဆိုရင် တိုက်ပွဲဖြစ်မှ လိုက်ကူညီနေတာထက် အစောကြီးကတည်းက ကိုယ့်နယ်မြေကို တစ်လက်မမှ တခြားသူက ကျူးကျော်မလာနိုင်အောင် ကာကွယ်ရမှာလို့ ကျနော်ထင်တယ်၊ အခုလို ဖြစ်လာပြီးမှ ဒီလိုမျိုး နာမည်ကောင်း ဝင်ယူပြီးတော့ တစ်ဖက်အဖွဲ့အစည်းကို ခိုင်ခိုင်မာမာသက်သေမရှိဘဲ စွပ်စွဲတာမျိုးက ကျနော်တို့ဘက်က လုံးဝလက်မခံနိုင်ဘူး၊ တုံ့ပြန်စရာရှိတာကို ပြတ်ပြတ်သားသား တုံ့ပြန်သွားမယ်၊ ဘာကြောင့်လဲဆိုရင် ကျနော်တို့ရပ်တည်ချက်ကတော့ ရှင်းတယ်၊ စကစ(စစ်ကောင်စီ)နဲ့ လက်တွဲနေတဲ့ ဘယ်လိုအဖွဲ့အစည်းမျိုးကိုမဆို ကျနော်တို့စစ်ကြောင်းက ပြတ်ပြတ်သားသား တိုက်ထုတ်သွားမှာပါ”ဟု ၎င်းက ပြောဆိုထားသည်။

နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်သည် တိုင်းပြည်၏ အာဏာအရပ်ရပ်ကို အဓမ္မလုယူထားသော အာဏာသိမ်းစစ်အုပ်စုနှင့် အပေါင်းအပါများကို ဖြိုဖျက်ချေမှုန်းရေးအတွက် ဦးတည်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုက်ပွဲဖော်ဆောင်နေခြင်းဖြစ်သည်။ နွေဦးတော်လှန်ရေးကာလအတွင်း ပေါက်ဖွားဖြစ်တည်လာသော အမျိုးသား

“
ကျနော်တို့ရပ်တည်ချက်ကတော့ ရှင်းတယ်၊ စကစ(စစ်ကောင်စီ)နဲ့ လက်တွဲနေတဲ့ ဘယ်လိုအဖွဲ့အစည်းမျိုးကိုမဆို ကျနော်တို့စစ်ကြောင်းက ပြတ်ပြတ်သားသား တိုက်ထုတ်သွားမှာပါ
”

ညီညွတ်ရေးအစိုးရ(NUG)၏ ကာကွယ်ရေးဝန်ကြီးဌာနသည် PDF တပ်ရင်းပေါင်း (၃၀၀)ကျော်ကို ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်ကြောင်းနှင့် မြို့ပြဒေသအလိုက် PDF-LDF ပေါင်း (၄၀၀) ကျော်နှင့် ချိတ်ဆက်နိုင်ခဲ့ပြီဖြစ်ကြောင်း ကြေညာထားသည်။ KNU/KNLA၊ KIO/KIA ၊ KNPP/KA၊ CNF/CNA ကဲ့သို့သော ERO များနှင့်ပူးပေါင်းကာ စစ်ရေးအရ ချိတ်ဆက်ဆောင်ရွက်များ ရှိနေပြီဟုလည်း သတင်းမီဒီယာသို့ အတိအလင်း ကြေညာထားပြီးဖြစ်သည်။ ULA/AA ၊ SSPP/SSA ၊ NMSP စသော ERO များကိုလည်း အနာဂတ် ဖက်ဒရယ်အရေးအတွက် လက်တွဲဆောင်ရွက်နိုင်ရန် အမျိုးသားညီညွတ်ရေးအစိုးရက ဖိတ်ခေါ်ထားသည်ကို တွေ့ရသည်။

# သုံးသပ်တင်ပြချက်

နွေဦးတော်လှန်ရေး၏ အန္တိမရည်မှန်းချက်သည် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ အမြစ်ပြုတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဖြစ်သည်။ ထိုအတွက် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းကြောင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)က ကြေညာထားပြီးဖြစ်သည်။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အတည်ပြုကာ နိုင်ငံရေးလမ်းပြမြေပုံအတိုင်း တစ်ဆင့်ချင်း လျှောက်လှမ်းလျက် ရှိသည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် အာဏာသိမ်းစစ်ကောင်စီနှင့် အပေါင်းအပါများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခုခံတော်လှန်စစ်ဆင်နွှဲရန် NUG ယာယီသမ္မတကြီးက ကြေညာဆော်သြထားသည်။ ၂၀၂၃ ခုနှစ်သည် နွေဦးတော်လှန်ရေးအဆုံးအဖြတ်နှစ်အဖြစ် သတ်မှတ်ကြွေးကြော်ကာ စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းနေမှုအား အဆုံးသတ်မည်ဟု နွေဦးတော်လှန်ရေးအင်အားစုများက ရည်မှန်းထားသည်။ ရည်မှန်းထားသည့်အတိုင်း ခုခံတော်လှန်စစ် အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် တပ်ရင်းတပ်စုအလိုက် စစ်လက်နက်တပ်ဆင်မှုများကို NUG ဝန်ကြီးချုပ်ကိုယ်တိုင် ရုပ်လုံးထွက် ပေးအပ်လျက်ရှိသည်။ နိုင်ငံတကာအစိုးရများ၏ ထောက်ခံအားပေးမှု ခိုင်မာအားကောင်းရေးအတွက်လည်း NUG အပါအဝင် နွေဦးတော်လှန်ရေးအင်အားစုများ၏ ခြေလှမ်းများသည် ပိုမိုသွက်လက်နေသည်ကို တွေ့ရသည်။

နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်သည် ၂၀၂၁ ခုနှစ် စစ်အာဏာမသိမ်းခင် နှစ်ပေါင်း (၇၀)ကျော် ပြည်တွင်းစစ် အခင်းအကျင်းနှင့် မတူ။ ဦးနုအစိုးရ၏ ပြည်သူ့ကာကွယ်ရေးတပ်(PDF) စုဖွဲ့မှုနှင့်လည်း ခြားနားသည်။ ၁၉၈၈ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံမှ ပေါက်ဖွားလာသော နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ၏ တော်လှန်ရေးဝိသေသများမှလည်း ကွဲထွက်သည်။ တောင်တန်းမြေပြန့် ဒေသအသီးသီး၊ မြို့ရွာရပ်ကွက် ဇနပုဒ်ပါမကျန် ရရာလက်နက်စွဲကိုင်ကာ အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များကို ခုခံကာကွယ်ရေးမှသည် ခုခံတော်လှန်စစ်သို့ အဆင့်ဆင့်ကူးပြောင်းဖြစ်တည်နေခြင်း ဖြစ်သည်။





မိမိတို့ BNI-Myanmar Peace Monitor ၏ ၂၀၂၃ ဇန်နဝါရီ ၃၁ ရက်အထိ စစ်အာဏာသိမ်းကာလအတွင်း တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂၃၂၅ ရက်တွင် ERO များ၊ PDF-LDF များအချင်းချင်းအကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်းသည် ၄၁ ရက်သာ ရှိသည့်အတွက် နွေဦးတော်လှန်ရေးကာလအတွင်း ခုခံတော်လှန်တိုက်ပွဲများ၏ ၉၈ ရာခိုင်နှုန်းကျော်သည် အာဏာသိမ်းစစ်အုပ်စုကိုသာ ဦးတည်နေကြောင်း တွေ့ရှိရပါသည်။ ခုခံတော်လှန်စစ်အပြန့်ကျယ်လာမှုသည် ဆက်လက်အရှိန်မြင့် ဖြန့်ကျက်လာနိုင်သည်ကို သတိပြုရမည်ဖြစ်ပြီး နယ်မြေ၊ အကျိုးစီးပွားနှင့် အစွဲ အတ္တများကို အခြေခံသော အချင်းချင်းအကြား ပဋိပက္ခတိုက်ပွဲများက စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေး ဦးတည်ချက်များအပေါ် မည်မျှရိုက်ခတ်နိုင်သလဲ၊ မည်မျှသက်ရောက်မှုကြီးမားနိုင်သလဲဆိုသည်ကို သတိချပ်ချဉ်းကပ်ဖွယ်ရာဖြစ်နေကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

# အပိုင်း ၂

## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ


BNI - Myanmar Peace Monitor မှတ်တမ်းအရ ဖေဖော်ဝါရီလ ၁ ရက် မှ ၇ ရက် အတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂၅ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၃ ရက်အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမိုများပြားနိုင်ပါသည်။





**၂၅ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း




စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု
ဖေဖော်ဝါရီ ၁ - ၇ - ၂၀၂၃
၁၄၇
စစ်ကောင်စီတပ်သားသေဆုံးမှု
၉
ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု
၁၅
အရပ်သားသေဆုံးမှု
၁
၆
၄၆
၃၅
၅
၁
၁၅
၂
၁၄
၁
၁၂
၂
၁၀
၁
၈
၁
၆
၁
၁
၃
စစ်ကိုင်း
ကချင်
ကယား
တနင်္သာရီ
မန္တလေး
ရှမ်း
မကွေး
မွန်
ပဲခူး
ရခိုင်
စစ်ကောင်စီတပ်သား
ပြည်သူ့ကာကွယ်ရေးတပ်သား
အရပ်သား


၁၆၉၀၀
စစ်ဘေးရှောင်အရေအတွက် (ဖေဖော်ဝါရီ ၁-၇-၂၀၂၃)
၆၃၀၀
၅၀၀၀
၃၀၀၀
၂၀၀၀
၆၀၀
စစ်ကိုင်း
ပဲခူး
ကချင်
ကယား
တနင်္သာရီ





# စစ်ကိုင်းတိုင်း

ကန့်ဘလူမြို့နယ်၊ ကိုးတောင်ဘို့တိုက်နယ်တွင် ဖေဖော်ဝါရီ ၂ရက်က စစ်ဘေးရှောင်အမျိုးသမီး ၂ ဦး မြွေကိုက်ခံရပြီး၊ ဆေးကုသမှု ခံယူနေကြရပါသည်။ မြွေကိုက်ခံရသူများမှာ အသက် ၅၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက် ၂၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ဖြစ်ပြီး ဘီပီအိုင် မြွေဆိပ်ဖြေဆေး ခြောက်လုံးနှင့် အိန္ဒိယမြွေဆိပ်ဖြေဆေး လေးလုံးအထိ ထိုးပေးပြီး ဆေးကုသထားကြောင်းသိရပါသည်။

ကိုးတောင်ဘို့တိုက်နယ်တွင် စစ်ဘေးရှောင်ရင်း မြွေကိုက်ခံရသူ ၄၇ ယောက်ထိရှိပြီး ၎င်းတို့အနက် ၃ ဦး သေဆုံးခဲ့ကြောင်း၊ စစ်ဘေးရှောင်များ မြွေကိုက်ခံရမှု လျော့နည်းအောင် လည်ရှည်ဖိနပ်များနှင့် အချိန်မီဆေးကုသပေးနိုင်ရန် မြွေဆိပ်ဖြေဆေးများလိုအပ်နေပါသည်။

ဖေဖော်ဝါရီ ၅ ရက်တွင် ဟုမ္မလင်းမြို့နယ်၊ ရွှေပြည်အေးမြို့သစ်မှာ အရပ်သား ၄ ဦးကို စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ပြီး တစ်ဦးကို ပစ်သတ်ခဲ့ကြောင်း သိရပါသည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ မြို့သိမ်းထားသော ရွှေပြည်အေးမြို့တွင် စစ်ကောင်စီတပ်မှ မြို့ကို ပြန်သိမ်းနိုင်ရန် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတို့ဖြင့် ပြန်လည်ထိုးစစ်ဆင် တိုက်ခိုက်နေပြီး နှစ်ဖက်တိုက်ပွဲများ ပြင်းထန်နေကြောင်း သိရပါသည်။

ဘုတလင်၊ ထီးချိုင့်၊ ရွှေဘို၊ မုံရွာ၊ ကနီ၊ ကလေး၊ ဝက်လက်၊ ရေဦးနှင့် ဟုမ္မလင်းမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃၈ ဦး သေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၆ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ပုလဲ၊ အရာတော်နှင့် ကလေးမြို့နယ်များတွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၈ ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှု၊ အကြောင်းမဲ့ သတ်ဖြတ်မှုများကြောင့် ကလေးဝ နှင့် ကသာမြို့နယ်များတွင် ဒေသခံ ၄ ဦး သေဆုံးခဲ့သည်။ ဖေဖော်ဝါရီ ၅ ရက်နေ့က ဟုမ္မလင်းမြို့နယ်၊ ရွှေပြည်အေးမြို့သစ်တွင် ပြည်သူ ၄ ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးပြီး ၁ ဦးကို ပစ်သတ်ခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ် စစ်ကြောင်းထိုး ဝင်ရောက်လာခြင်းကြောင့် ပုလဲ၊ ခင်ဦးနှင့် ကန့်ဘလူမြို့နယ်များမှ ဒေသခံ ၆၃၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။





# ကချင်ပြည်နယ်

ရွှေကူမြို့နယ် ကုန်းချောင်းကြီးကျေးရွာဘက်တွင် စစ်ကောင်စီတပ်မှ စစ်အင်အားအလုံးအရင်းဖြင့် စစ်ကြောင်းထိုးနေသဖြင့် တိုက်ပွဲဖြစ်ပွားလာမည်ကို ဒေသခံပြည်သူများက စိုးရိမ်နေကြပါသည်။ ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက မိုးစစ်ကျေးရွာဘက်မှ ကုန်းချောင်းကြီး ကျေးရွာဘက်သို့ စစ်အင်အား ၃၀၀ ကျော်ခန့်ဖြင့် စစ်ကြောင်းထိုးဝင်ရောက်လာသောကြောင့် နစ်ဖက်တပ် ထိတွေ့တိုက်ပွဲများဖြစ်ပွားလာမည်ကို စိုးရိမ်နေကြပြီး၊ စစ်ကောင်စီတပ်သည် စစ်ကြောင်းမထိုးခင်ကလည်း ကုန်းချောင်းကြီးကျေးရွာဘက်သို့ ညအချိန်များတွင် လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုများ ပြုလုပ်ခဲ့ပါသည်။

ဖေဖော်ဂါရီ ၁ ရက်၊ အသံတိတ်သပိတ်(silent strike)နေ့တွင် မိုးညှင်းမြို့တွင်း မြို့မ အလယ်တန်းကျောင်းဝင်းအတွင်း ဗုံး ၂ လုံး ပေါက်ကွဲခဲ့ပြီး၊ ပစ်ခတ်သံများလည်း အဆက်မပြတ်ထွက်ပေါ်ခဲ့ပါသည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မိုးညှင်းတက္ကသိုလ်ကျောင်းဝင်းအတွင်း တပ်စွဲထားသော စစ်ကောင်စီတပ်ကလည်း အနီးပတ်ဝန်းကျင်ရှိ ထန်းတပင်ကျေးရွာဘက်သို့ လက်နက်များဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ပါသည်။




# မကွေးတိုင်း

ပခုက္ကူမြို့နယ်၊ မြစ်ချေတိုက်နယ်၊ စားကျင်းရွာဘက်သို့ ဖေဖော်ဝါရီ ၁ ရက်တွင် စစ်ကြောင်းထိုးလာသည့် အာဏာသိမ်းစစ်ကောင်စီတပ်သည် စားကျင်းရွာမှ နေအိမ် ၂၅ လုံးကို မီးရှို့ဖျက်ဆီးခဲ့ပြီး အဖိုးတန်ပစ္စည်းတွေ ယူဆောင်ကာ အသက် ၃၃ နှစ်အရွယ် ဦးမောင်နိုင်ကို သေနတ်ဖြင့် ပစ်သတ်ခဲ့ကြပါသည်။

ဖေဖော်ဂါရီ ၆ ရက်တွင် ပခုက္ကူမြို့၊ အမှတ်(၁၀)ရပ်ကွက် ရန်အောင်လမ်းနေ ပခုက္ကူကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ အမတ်ဟောင်းတစ်ဦး၏ ညီဖြစ်သူ ဦးအောင်မိုးဝင်းဆိုသူကို အမည်မသိလူတစ်စုမှ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ကြောင်း သိရပါသည်။

ပခုက္ကူမြို့နယ်အတွင်း ဖေဖော်ဝါရီလ ၁ ရက်နေ့က ကမ္မမြို့လျှပ်စစ်မှူးနှင့် ပျူစောထီးများကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ပျူစောထီး ၂ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီလ ၃ ရက်နေ့က မြိုင်ဖက်သို့ ဦးတည်လာသည့် စစ်ကောင်စီယာဉ်တန်းကို ကန်တော်ကျေးရွာနှင့် ကမ္မမြို့အကြားတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် ၆ ဦး သေဆုံးခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက် နေ့က ပခုက္ကူမြို့နယ်၊ စားကျင်းရွာဘက်ကို စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်က ဒေသခံ အသက် ၃၃ နှစ်အရွယ် ဦးမောင်နိုင်ကို သတ်ဖြတ်ခဲ့သည်။






# မန္တလေးတိုင်း

မတ္တရာမြို့နယ်၊ ဧရာဝတီမြစ်ထဲတွင် ဧရာဝတီလင်းပိုင်နှင့် ငါးသားပေါက်များကို ရှော့တိုက်ဖမ်းဆီးနေသည့် ငါးဖမ်းသမားများအား ဖေဖော်ဝါရီ ၄ ရက်က ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့တစ်ခုဖြစ်သော Peacock warriors forceမှ ကင်းလှည့်နေချိန်တွင် တွေ့ရှိသဖြင့် ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသူများတွင် ငါးဖမ်းသမား ၆ ဦး ပါဝင်ပြီး၊ ငါးဖမ်းစက်လှေသုံးစီး၊ ရှော့စက်သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများဖြစ်သော ဘတ်ထရီအိုးကြီး ၃ လုံးနှင့် ဘတ်ထရီအလတ် ၃ လုံးအပါအဝင် ငါးဖမ်းပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းယူခဲ့ကာ ငါးဖမ်းသမားများကို ပြန်လွှတ်ပေးခဲ့ကြောင်း သိရပါသည်။ အဆိုပါဒေသတွင် ဒေသခံ PDF များသည် ဧရာဝတီလင်းပိုင်နှင့် ရေချိုငါးမျိုးစိတ်အန္တရာယ် ကင်းလွတ်စေရန် ရှော့တိုက်ငါးဖမ်းသမားများကို အသိပညာပေးခြင်း၊ အရေးယူခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းတို့ကို အပိုင်း ၃ ပိုင်းခွဲပြီး လုပ်ဆောင်နေကြောင်း သိရပါသည်။

ဖေဖော်ဂါရီ ၂ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁) ရပ်ကွက်၊ ၆၈ လမ်း × ၄၂ လမ်းကြားအတွင်း ဖွင့်လှစ်ထားသော LFC ကြက်ကြော်ဆိုင် ပိုင်ရှင်ဖြစ်သူကို စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ လာရောက်ဖမ်းဆီးခဲ့ကြောင်း သိရပါသည်။ ဖြစ်စဉ်မှာ စစ်ကောင်စီတပ်၏ သတင်းပေး တယ်လီဂရမ်ချန်နယ်တွင် အဖမ်းခံရသူ၏ ပုံ၊ လိပ်စာနှင့် အသံတိတ်သပိတ်တွင်ပါဝင်ရန် ပြောဆိုထားသော စခရင်ရှော့ပုံများကို တင်ထားပြီးနောက် စစ်ကောင်စီတပ်သားများမှ လာရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်ကာ လက်ရှိအချိန်ထိ မိသားစုဝင်များနှင့် အဆက်သွယ် မရသေးကြောင်း သိရပါသည်။

မတ္တရာနှင့် ငါန်းဇွန်မြို့နယ်များတွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၈ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီလ ၅ ရက်နေ့က စဥ့်ကိုင်မြို့နယ်တွင် စစ်ကောင်စီတပ်ဖွဲ့၏ အလှူခံမဏ္ဍပ် တိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၄ ဦး သေဆုံးခဲ့သည်။ ဖေဖော်ဝါရီလ ၄ ရက်နေ့က ပြည်ကြီးတံခွန်မြို့နယ်တွင် လူဦးရေစာရင်းကောက်သည့်အဖွဲ့ကို ဦးဆောင်ခဲ့သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသာဌေးကို ပြည်သူ့ကာကွယ်ရေးတပ်မှ သေနတ်ဖြင့် ပစ်ခတ်ရှင်းလင်းခဲ့သည်။






# ကရင်ပြည်နယ်

စစ်ကောင်စီတပ်သည် ကော့ကရိတ်မြို့နယ် တောင်ပိုင်း ကျေးရွာများကို ဖေဖော်ဝါရီ ၆ ရက် ည ၁၂ နာရီခွဲဝန်းကျင်က လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ ထပ်မံလုပ်ဆောင်ခဲ့ပါသည်။ ကော့ကရိတ်မြို့နယ်တောင်ပိုင်းတွင် တိုက်ပွဲများ မကြာခဏ ဖြစ်ပွားလျက်ရှိပြီး စစ်ကောင်စီတပ်က ဒေသခံပြည်သူများ နေထိုင်ရာ ကျေးရွာများအတွင်းသို့ လက်နက်ကြီးအပါအဝင် လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိပါသည်။


သံတောင်မြို့(၁၃)မိုင်တွင် ကေအဲန်ယူ၏ သံတောင် မြို့နယ် ဉက္ကဋ္ဌနေအိမ်နှင့် ငြိမ်းချမ်းရေးကောင်စီ( KNU/KNLA-PC) မှ အရာရှိဟောင်းတစ်ဦး၏ နေအိမ်အပါအဝင် အိမ် ၃ လုံးကို စစ်ကောင်စီတပ်မှ ဖေဖော်ဝါရီ ၄ ရက်၊ ည နေပိုင်းတွင်  လိုက်လံမီးရှို့ခဲ့ပါသည်။ ထိုကဲ့သို့ မီးရှို့မှုမဖြစ်ပွားခင် သံတောင်မြို့၊ ပျားစခန်းကြားနှင့် (၇) မိုင်တို့တွင် စစ်ကောင်စီတပ်များ မိုင်းဆွဲတိုက်ခိုက်ခံရ၍ ကား(၃)စီးပျက်စီးကာ စစ်ကောင်စီဘက်မှ အယောက်(၂၀)ကျော်ခန့် သေဆုံးခဲ့ကြောင်း သိရပါသည်။


လက်ရှိ သံတောင်မြို့သစ် (၁၃) မိုင်တွင် စစ်ကောင်စီတပ်မှ မြို့တွင်းသို့ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် မြို့တွင်းနေထိုင်သူဒေသခံများ မရှိသလောက် နည်းပါးနေပြီး ယခုကဲ့သို့ မီးရှို့မှုများ ဖြစ်ပေါ်လာသည့်အတွက် စစ်ရှောင်ပြည်သူများမှာ ၎င်းတို့ နေအိမ်များအတွက် စိုးရိမ်ပူပန်နေကြရပါသည်။

ဖေဖော်ဝါရီ ၂ ရက်တွင်လည်း စစ်ကောင်စီတပ်များက ပျားစခန်းကျေးရွာရှိ ဒေသခံများအား အစည်းအဝေးခေါ်ယူကာ ၎င်းတို့ရဲဘော်များ တစ်စုံတစ်ရာဖြစ်ပါက တစ်ရွာလုံးပစ်သတ်ခံရမည်ဟု ခြိမ်းခြောက်ပြောဆိုခြင်းများ လုပ်ဆောင်ခဲ့ပါသည်။




ဖေဖော်ဝါရီလ ၃ ရက်နေ့က လှိုင်းဘွဲ့မြို့နယ်၊ ရွှေဝွန်းရဲစခန်း ဒရုန်းဖြင့် တိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်ဖွဲ့ဝင် ၅ ဦး သေဆုံးခဲ့သည်။ ဖေဖော်ဝါရီလ ၄ ရက်နေ့က သံတောင်ကြီးမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃၀ ဦး ကျဆုံးခဲ့သည်။ ထို့နောက် စစ်ကောင်စီတပ်က ဖေဖော်ဝါရီလ ၅ ရက်နေ့မှစပြီး သံတောင်ကြီး မြို့နယ်တွင် လူနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများကို ဖမ်းဆီးရိုက်နှက် နှိပ်စက်နေခြင်းကြောင့် ဒေသခံ ၃၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။










# ပဲခူးတိုင်း

ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်၊ ဂဲကြီးကျေးရွာ ဘုန်းကြီးကျောင်းတွင် တပ်စွဲထားသော စစ်ကောင်စီတပ်သည် ကျေးရွာအတွင်း လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ အိမ်မီးရှို့ခြင်း တို့ကြောင့် ဒေသခံအမျိုးသမီး ၅ ဦးခန့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး၊ အနီးအနားကျေးရွာများမှ ဒေသခံ ၅,၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ ဖေဖော်ဝါရီ ၄ ရက်တွင် ခမရ(၃၅၁)၊ ခလရ(၆၀) တို့မှ စစ်ကောင်စီတပ်သား ၆၀ ကျော်မှ ဝင်ရောက်တပ်စွဲခဲ့ခြင်းဖြစ်ပြီး ဒေသခံများ၏ ဆိုင်ကယ် ၅စီး၊ ဆန် ၁၀ အိတ်တို့ကို ယူဆောင်ခဲ့ကြပါသည်။


ဖေဖော်ဝါရီ ၁ ရက်တွင် ဖြူးမြို့နယ်၊ မြပဲခူး ကျေးရွာမှ စစ်ကောင်စီတပ်ခန့် အုပ်ချုပ်ရေးမှူး ဦးညွှန့်ဝင်းအား ဖြူးမြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပ.က.ဖ) အမှန်တရားချစ်မြတ်နိုးသူများအဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ရှင်းလင်းခဲ့ကြပါသည်။ သေဆုံးသူ အုပ်ချုပ်ရေးမှူးသည် တော်လှန်ရေးတပ်ဖွဲ့များ၏ သတင်းများကို စုံစမ်းပြီး စစ်ကောင်စီတပ်ထံ ပေးပို့ခြင်း၊ စစ်ကောင်စီတပ်နှင့်ပေါင်းပြီး ပြည်သူလူထုအား အနိုင်ကျင့် ဗိုလ်ကျခြင်းနှင့် စစ်ကောင်စီစစ်ကြောင်းများတွင် ကိုယ်တိုင်လိုက်ပါနေခြင်းကြောင့် နန်းထိုက်အောင်စစ်ဆင်ရေးအဖြစ် အသေပစ်ခတ် ရှင်းလင်းခဲ့ခြင်း ဖြစ်ပါသည်။

ထန်းတပင်နှင့် ညောင်လေးပင်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီလ ၄ ရက်နေ့မှ စ၍ စစ်ကောင်စီတပ်၏ ကျေးရွာများအတွင်း တပ်စွဲခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ အိမ်မီးရှို့ခြင်းတို့ကြောင့် အနီးအနားရှိ ကျေးရွာများမှ ဒေသခံ ၅၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။ ဖြူးမြို့နယ်မှာ ဖေဖော်ဝါရီ ၁ ရက်နေ့က စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူး ဦးညွှန့်ဝင်းကို ပြည်သူ့ကာကွယ်ရေးတပ်မှ သေနတ်ဖြင့် ပစ်ခတ် ရှင်းလင်းခဲ့သည်။







# ရှမ်း (သျှမ်း) ပြည်နယ်





ဖယ်ခုံမြို့နယ်နှင့် မိုးပြဲမြို့တွင် ဖေဖော်ဂါရီ ၅ ရက်က စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတို့ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းကြောင့် ပြည်သူများ ညတွင်းချင်း ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း နေကြရပါသည်။ ဖြစ်စဉ်မှာ စစ်ကောင်စီဘက်သည် တပ်ဆွဲနေထိုင်ထားသည့် စက်တော်ရာ ကျေးရွာထဲမှ တပ်ဆုတ်ပေးမည်ဟု ပြောဆိုခဲ့သော်လည်း မဆုတ်ပေးသဖြင့် ဖေဖော်ဂါရီ ၆ ရက်အထိ နှစ်ရက်ကြာ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး၊ ဒေသခံများလည်း ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။

ဖေဖော်ဂါရီ ၄ ရက်တွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA၏ တပ်မဟာ (၆) စစ်ဒေသနယ်မြေဖြစ်သော မိုင်းယော်တိုက်နယ်၊ ဂျာယန်ကျေးရွာရှိ ဂျာယန်ပြည်သူ့စစ်စခန်းကို ဝင်ရောက်စီးနင်းခဲ့ပြီး ပြည်သူ့စစ်မှ အဓမ္မ ခေါ်ဆောင်ပြီး စစ်မှုထမ်းခိုင်းထားသော ကလေးငယ်များအပါအဝင် တအာင်း (ပလောင်)လူမျိုး ၁၂၇ ဦးကို ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရပါသည်။ TNLAမှ ကယ်ထုတ်ခဲ့သော တအောင်း (ပလောင်) လူမျိုးများတွင် အမျိုးသား ၁၁၂ ဦးနှင့် အမျိုးသမီး ၁၅ ဦး ပါဝင်ကြောင်း၊ အများစုမှာ အသက် ၈ နှစ်မှ ၁၇ နှစ်ကြားများ အပါအဝင် ၁၈ နှစ်နှင့် ၆၅ နှစ်အရွယ်များလည်း ပါဝင်ကြောင်းသိရပါသည်။

ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ သျှမ်းပြည်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။










# ကရင်နီ (ကယား) ပြည်နယ်


ဒီးမော့ဆိုမြို့နယ်၊ တနန်းဥက္ကိုင်ကျေးရွာမှ အသက် ၃၃ နှစ်အရွယ် ဦးဆေးပျားထာအား စစ်ကောင်စီတပ်မှ ရက်စက်စွာ သတ်ဖြတ်ထားပြီး လမ်းဘေးတွင် စွန့်ပစ်ထားသည်ကို ကရင်နီတပ် KA ၊ KNDF နှင့် ဒီးမော့ဆို PDF တပ်များမှ ဖေဖော်ဝါရီ ၁ ရက်က နယ်မြေ ရှင်းလင်းရေးလုပ်စဉ် တွေ့ရှိခဲ့ပြီး အလောင်းကောက်ယူ မြုပ်နှံပေးခဲ့ကြပါသည်။ သေဆုံးသူ၏ခန္ဓာကိုယ်တွင် သေနတ်ဒဏ်ရာနှင့် လည်ပင်းပြတ်ရှဒဏ်ရာများ တွေ့ရှိခဲ့ကြောင်း သိရပါသည်။

ဖေဖော်ဂါရီ ၆ ရက်က လွိုင်ကော်မြို့၊ ဇရပ်ဖြူရွာလမ်းပေါ်တွင် ဖြတ်သန်းမောင်းနှင်လာသည့် အရပ်သား ၆ ဦး လိုက်ပါလာသော Air Wax အမျိုးအစား အဖြူရောင်အိမ်စီးကားတစီးသည် ကားမိုင်းနင်းမိခဲ့ပြီး ကားပေါ်ပါလာသော ယာဉ်မောင်းအပါအဝင် အမျိုးသား ၄ ဦးသေဆုံးခဲ့ကာ ၂ ဦး စိုးရိမ်ရဒဏ်ရာများရရှိခဲ့ကြပါသည်။

ဖေဖော်ဝါရီလ ၄ ရက်နေ့က လွိုင်ကော်မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ကရင်နီဒေသခံကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲပြင်းထန်ခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၅ ဦး ကျဆုံး၍ ဒေသခံကာကွယ်ရေးတပ်ဖွဲ့မှ ၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ် စစ်ကြောင်းထိုးလာမည်ဆိုသည့် သတင်းကြောင့် လွိုင်ကော်မြို့နယ်မှ ဒေသခံ ၂၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့က ဒီးမော့ဆိုမြို့နယ်၊ တနန်းဥက္ကိုင်ကျေးရွာက အသက် ၃၃ နှစ်အရွယ် ဦးဆေးပျားထာကို စစ်ကောင်စီတပ်က သေနတ်ဖြင့် ပစ်ခတ်ကာ လည်ပင်းကိုလည်း ဓားဖြင့်လှီးပြီး သတ်ဖြတ်ခဲ့သည်။ ဖေဖော်ဝါရီလ ၆ ရက်နေ့က အမျိုးသား ၆ ဦး စီးနင်လာသည့် ကားတစ်စီး လွိုင်ကော်မြို့နယ်၊ ဇရပ်ဖြူရွာလမ်းတွင် မိုင်းနင်းမိပြီး ၄ ဦး သေဆုံးခဲ့သည်။










# တနင်္သာရီတိုင်း


ရေဖြူမြို့နယ်၊ ရေး-ထားဝယ် ပြည်ထောင်စုကားလမ်းပေါ်တွင် ထားဝယ်မြို့ဘက်မှပြန်လာသော ရာဖူးရွာသစ်ကျောင်းကား Hijet အမျိုးအစား မော်တော်ယာဉ်တစီးကို အမည်မသိ လက်နက်ကိုင်အဖွဲ့တခုမှ ပစ်ခတ်ခဲ့ခြင်းကြောင့် ကားပေါ်တွင် လိုက်ပါလာသော လူ ၈ ဦးအနက် သက်တော် ၆၇ အရွယ် ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌဆိုသူ ပျံလွန်တော်မူခဲ့ပြီး အခြားအမျိုးသမီးကြီးတစ်ဦး သေဆုံးကာ ယာဉ်မောင်းနှင့် ကားပေါ်ပါသူများ ဒဏ်ရာများ ရရှိခဲ့ကြောင်းသိရပါသည်။

ဖေဖော်ဂါရီ ၇ ရက်တွင် သရက်ချောင်းမြို့နယ်၊ ရငဲကျေးရွာရှိ ရာဘာခြံတစ်ခုအတွင်း အမျိုးသားသုံးဦးကို စစ်ကောင်စီတပ်ဖွဲ့မှ လာရောက်စစ်ဆေးပြီးနောက် ဖမ်းဆီးခေါ်ဆောင်သွားကာ နှစ်ဦးကို သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း သိရပါသည်။ ဖြစ်စဉ်မှာ စစ်ကောင်စီတပ်အင်အား ၂၀ ခန့်သည် ရာဘာခြံအတွင်းသို့ ဂင်ရောက်ရှာဖွေခဲ့ပြီး တူမီးသေနတ်တစ်လက် တွေ့ရှိသည်ဟုဆိုကာ အမျိုးသား ၃ ဦးကို ရိုက်နှက်ဖမ်းဆီးသွားခဲ့ပြီး တစ်ဦးအား ပြန်လွှတ်ပေးခဲ့သော်လည်း ကျန်နှစ်ဦးသည် သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးခဲ့ပါသည်။

ပုလောနှင့် ရေဖြူမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၅ ဦး ကျဆုံးခဲ့သည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့က ကော့သောင်းမြို့နယ်၊ မာရမ်းကျေးရွာတွင် ပျူစောထီး ဒုခေါင်းဆောင်ဆိုသူ ၁ ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ သွားရောက် ပစ်ခတ်ရှင်းလင်းခဲ့ပြီး စစ်ကူလာသော စစ်ကောင်စီကားကို မိုင်းဆွဲတိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ၈ ဦး သေဆုံးခဲ့သည်။ ဖေဖော်ဝါရီလ ၇ ရက်နေ့က သရက်ချောင်းမြို့နယ်၊ ရငဲကျေးရွာရှိ ရာဘာခြံတစ်ခြံတွင် အမျိုးသား ၃ ဦးကို စစ်ကောင်စီတပ်ဖွဲ့က လာရောက်စစ်ဆေးပြီးနောက် ဖမ်းဆီးခေါ်ဆောင်သွားကာ ၂ ဦးကို သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ ပုလောမြို့၊ တန်းရှင်းကျေးရွာမှာ စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကြား အပြန်အလှန် တိုက်ပွဲတွေကြောင့် ဒေသခံ ၆၇၇ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့က တနင်္သာရီတိုင်း မြိတ်- ထားဝယ်ခရိုင် ထီးမုပွားဒေသတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ကော်သူလေး တပ်မတော် (KTLA) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။







# မွန်ပြည်နယ်

ပေါင်မြို့၊ ပေါင်းရပ်ကွက်၊ ဘူတာလမ်းတွက်နေထိုင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်လောင်းဖြစ်ခဲ့ဖူးသူ ဦးကိုကိုလေးဆိုသူသည် ဖေဖော်ဝါရီ ၁ ရက် ည ၆ နာရီခန့်က နေအိမ်တွင် သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးခဲ့ပါသည်။ သေဆုံးသူသည် အပြစ်မဲ့ပြည်သူများကို မတရားဖမ်းဆီးစေခြင်း၊ ပျူစောထီးအဖွဲ့များကို ငွေကြေးထောက်ပံ့ခြင်း၊ စစ်ကောင်စီ ရွေးကောက်ပွဲ ဖြစ်မြောက်ရန် ကြိုးပမ်းနေခြင်းတို့ကြောင့် နန်းထိုက်အောင် စစ်ဆင်ရေးအဖြစ် ပစ်ခတ်ရှင်းလင်းခဲ့ခြင်းဖြစ်ကြောင်း အထူးစစ်ဆင်ရေးတပ်ဖွဲ့ (S.O.F)က ထုတ်ပြန်ခဲ့ပါသည်။

ဖေဖော်ဝါရီ ၆ ရက်တွင် ဘီးလင်းမြို့နယ်၊ တကေး ချောင်းဖျားရွာအနီးတစ်ဝိုက်သို့ စစ်ကောင်စီတပ်မှ ဒရုန်းဖြင့် ဗုံးသီးချတိုက်ခိုက်သဖြင့် အသက် ၈၀ အရွယ် ဒေသခံ အဖိုးအိုတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

ရေးမြို့နယ် မော့ကနင်ကျေးရွာမှ ဒေသခံ ခြံသမားအမျိုးသားတစ်ဦးသည် ဖေဖော်ဝါရီ ၂ ရက် ည ၆ နာရီ ဝန်းကျင်ခန့်က ခြံလုပ်ငန်းပြီးစီး၍ နေအိမ်အပြန်တွင် မိုင်းနင်းမိ ပြီး ဒဏ်ရာရရှိခဲ့ပါသည်။ ၎င်းသည် ဆိုင်ကယ်ဖြင့် ခြံမှပြန်လာစဉ် ကြိုးတံတားရွာအနီးတွင် မိုင်းထိမှန်ပြီး ခြေထောက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကာ လမိုင်းဆေးရုံသို့ အရေးပေါ်ပို့ဆောင်ခဲ့ကြောင်းသိရပါသည်။

ဖေဖော်ဝါရီ ၁ ရက်နေ့က ပေါင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်လောင်းဖြစ်ခဲ့ဖူးသည့် ဦးကိုကိုလေး အမည်မသိ လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ ဖေဖော်ဝါရီလ ၂ ရက်နေ့က ရေးမြို့နယ်တွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၅ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီလ ၂ ရက်နေ့က ရေးမြို့နယ်၊ အောင်သပြေရွာအနီးတွင် စစ်ကောင်စီတပ် ကင်းပုန်းဝပ်နေစဉ် ပြည်သူ့ကာကွယ် ရေးတပ်ဖွဲ့က စနိုက်ပါဖြင့် ပစ်ခတ်ရာ စစ်ကောင်စီ တပ်ဖွဲ့ဝင် ၁ ဦး သေဆုံးခဲ့သည်။ ဖေဖော်ဝါရီလ ၄ ရက် နေ့က လမိုင်းမြို့နယ်၊ ကနင်ကမော့နှင့် အောင်သာယာကျေးရွာကြားတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။





# ရောဝတီတိုင်း

မြောင်းမြမြို့တွင် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းကပြုလုပ်သော တပ်မတော်ထောက်ခံပွဲ၌ ပါဝင်သူများ အချင်းချင်း နေ့စားဆန္ဒပြအခကြေးငွေ အဝေမတည့်ဖြစ်ရာမှ စကားများရန်ဖြစ်ကြပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်များရောက်လာကာ ခြိမ်းခြောက်ဟန့်တားခဲ့ကြောင်း သိရပါသည်။ စစ်ကောင်စီတပ် အာဏာသိမ်း ၂ နှစ်မြောက်နေ့တွင် နိုင်ငံအဝှန်း တိတ်ဆိတ်ခြင်းသပိတ်ဆင်နွှဲစဉ် စစ်ကောင်စီတပ်ဘက်မှလည်း တပ်ထောက်ခံပွဲများ စီစဉ်ပြုလုပ်ရန် ကျေးရွာများမှ လူများကို နေ့စားခဖြင့်ခေါ်ဆောင်ခဲ့ပြီး၊ နေ့စားခပေးနှုန်းမတူညီခြင်းကြောင့် ယခုကဲ့သို့ စကားများရန်ဖြစ်ခဲ့ခြင်းဖြစ်ပါသည်။



# ရန်ကုန်တိုင်း

လှိုင်သာယာမြို့နယ်တွင် ဖွင့်လှစ်ထားသော Coca Cola ကုမ္ပဏီ(ရုံးချုပ်) မှ ဝန်ထမ်းသုံးဦးအား ၎င်းတို့၏ နေအိမ်အသီးသီးကို စစ်ကောင်စီတပ်မှ ဂင် ရောက်ဖမ်းဆီးခဲ့ကြောင်း သိရပါသည်။ ဖမ်းဆီးခံရသူများတွင် အမျိုးသမီး ၂ ဦး နှင့် အမျိုးသားတစ်ဦး ပါဂင်ပြီး ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာဖေ့စ်ဘွတ်တွင် တင်သည့် ပိုစ့်များနှင့်ပတ်သက် ပြီး လုပ်ငန်းခွင်အတွင်းရှိ သတင်းပေး (ဒလန်) ဆိုသူမှ စစ်ကောင်စီတပ်ထံ တိုင်ကြားချက်ကြောင့် ဖမ်းဆီးခံရခြင်းဟုသိရပါသည်။

ဖေဖော်ဂါရီ ၂ ရက်တွင် တောင်ဒဂုံမြို့နယ် သိမ်ချောင်းလမ်းဆုံအနီး စစ် ကောင်စီတပ်များနှင့် အရပ်ဝတ် ပျူစောထီးများမှ ဆိုင်ကယ်များဖမ်းဆီးစဉ် ဆိုင်ကယ်နှင့်အတူ လက်နက်များနှင့်လူငယ်တစ်ဦးအား လက်ပြန်ကြိုးတုပ်ကာ ဖမ်းဆီးခေါ်ဆောင်ခဲ့ကြောင်းသိရပါသည်။

မှော်ဘီမြို့နယ် ၂ ရပ်ကွက် ပြည်လမ်းမကြီးပေါ်ရှိ လျှပ်စစ်ရုံးစီမံဌာနတွင် ဖေဖော်ဝါရီ ၆ ရက်က ဗုံးပေါက်ကွဲ ပြီး ပြတင်းပေါက်မှန်ကွဲစများထိမှန်ကာ ဝန် ထမ်းအမျိုးသား ၂ ဦးနှင့်  အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ဒဏ်ရာရသူ များတွင် မီတာဖတ်စာရေး မျိုးဇော်၊ စန်းကိုနှင့် အငယ်တန်းစာရေး မထိုက်ထိုက် နွယ်တို့ ဖြစ်ကြပါသည်။ အဆိုပါ ပေါက်ကွဲမှုကြောင့် စစ်ကောင်စီတပ်သားများမှ EPC ရုံးနှင့် အနီးတဝိုက်ရှိ ကား၊ ဆိုင်ကယ်နှင့် လမ်းသွားလမ်းလာများကို တားဆီး စစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။




# ရခိုင်ပြည်နယ်

စစ်တွေမြို့ လေယာဉ်ကွင်းဝင်း၊ လမ်းဆုံအနီး မိတ္တူဆိုင်ရှေ့တွင် ကင်းတာဝန်ကျနေသည့် စစ်သားတစ်ဦး သေနတ် လက်လွတ်ကျရာမှ ကျည်ပေါက်ထွက်၍ မိတ္တူလာကူးသည့် ကလေးငယ်တစ်ဦး၏ပေါင်တွင် ကျည်ထိမှန်ကာဒဏ်ရာရရှိခဲ့ပါသည် ။

ဖေဖော်ဝါရီလ ၂ ရက်က မောင်တောမြို့နယ်မြောက်ပိုင်း ခမောင်းဆိပ်ကျေးရွာတွင် အသက် ၁၃ နှစ်အရွယ် မောင်ကျော်စိုးဆိုသူသည် ငှက်ကိုင်းထောင်ရန်သွားစဉ် မြေတွင်မြုပ်နေသည့် စစ်ကျန် ဗုံးသီးဟောင်းတစ်လုံး ပေါက်ကွဲ၍ သေဆုံးခဲ့ပါသည်။


ပုဏ္ဏားကျွန်းမြို့နယ်၊ ကုန်းတန်းကြိမ်ချောင်းကျေးရွာတွင် အရက်မူးသမားတစ်ဦးမှ ဈေးဆိုင်အတွင်း လက်ပစ်ဗုံးတစ်လုံးကို စနက်တံဆွဲဖြုတ်လိုက်ရာမှ ပေါက်ကွဲမှု ဖြစ်ပွားပြီး ကလေးငယ် ၂ ဦး သေဆုံးကာ ၄ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ သေဆုံးသူများမှာ အသ ၁၂ နှစ်အရွယ် မောင်နေလင်းဌေးနှင့် မောင်တင်မောင်စိုးတို့ ဖြစ်ကြပါသည်။

ဖေဖော်ဝါရီလ ၂ ရက်နေ့က မောင်တောမြို့နယ်၊ ခမောင်းဆိပ်ကျေးရွာတွင် လူငယ်တစ်ဦး ငှက်ကိုင်းထောင်ရန်သွားရာမှ မြေတွင်မြုပ်နေသည့် စစ်ကျန်ဗုံးသီးဟောင်းတစ်လုံး ပေါက်ကွဲ၍ သေဆုံးခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီလ ၃ ရက်နေ့က ပုဏ္ဏားကျွန်းမြို့နယ်၊ ကုန်းတန်းကြိမ်ချောင်းကျေးရွာတွင် အရက်မူးသမားတစ်ဦးက ဈေးဆိုင်တွင် လက်ပစ်ဗုံးတစ်လုံးကိုစနက်တံဆွဲဖြုတ်လိုက်ရာက ပေါက်ကွဲမှုဖြစ်ပွားပြီး ကလေးငယ် ၂ ဦး သေဆုံးခဲ့သည်။




# ချင်းပြည်နယ်

စစ်ကောင်စီတပ်သည် မတူပီမြို့နယ် ဇိုတုန်နယ်မြေ တိန်ဆီးရွာနှင့် ထော်လန်ရွာတို့မှ အသက် ၁၈ နှစ်အရွယ် မိန်းကလေးငယ် ၂ ဦးအပါအဝင် အရပ်သား ၁၀ ဦးအား ဖမ်းဆီးပြီး လူသားဒိုင်းအဖြစ် ခေါ်ယူအသုံးပြုနေကြောင်းသိရပါသည်။ ဖေဖော်ဝါရီ ၄ ရက်တွင် စစ်ကောင်စီတပ်ဖွဲ့နှင့် CDF-Zotung တပ်ဖွဲ့တို့ ၎င်းကျေးရွာများအကြားတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဒေသခံများအား ဖမ်းဆီးခဲ့ခြင်းဖြစ်ကာ ၂ ဦးအား ပြန်လည်လွှတ်ပေးခဲ့သော်လည်း ကျန် ၈ ဦးကို ဆက်လက်ဖမ်းဆီးထားဆဲဖြစ်ကြောင်း သိရပါသည်။ ထို့ပြင် စစ်ကောင်စီတပ်သည် ဖေဖော်ဝါရီ ၅ ရက်ကလည်း CDF-Zotung တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သော အသက် ၂၄ နှစ်အရွယ် ဆလိုင်းဟာကာလျန်းကို ဖမ်းဆီးသတ်ဖြတ်ခဲ့ပြီး၊ ဇိုတုန်နယ်မြေတွင် စစ်ကောင်စီတပ်နှင့် ဒေသခံ ချင်းကာကွယ်ရေးတပ်ဖွဲ့တို့အကြား စစ်ရေးတင်းမာလျက်ရှိနေပါသည်။




ချင်း

မတူပီမြို့နယ်၊ တိန်ဆီးရွာနှင့် ထော်လန်ရွာကြားတွင် ဖေဖော်ဝါရီလ ၄ ရက်နေ့က စစ်ကောင်စီတပ်ဖွဲ့နှင့် ချင်းဒေသကာကွယ် ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၀ ဦး ကျဆုံး၍ ချင်းဒေသကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီလ ၄ ရက်နေ့က ရှေ့တန်းတစ်နေရာတွင် စစ်ဆင်ရေးပြုလုပ်နေစဉ် မိုင်းမတော်တဆမှုကြောင့် CDF – Matupi မှ ရဲဘော်ထန်အုပ် ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး သေဆုံးခဲ့သည်။




Myanmar Peace Monitor

# နိုင်ငံတကာ စာမျက်နှာ



မြန်မာပြည်သူများအတွက် အားလုံးပါဝင်သော ဒီမိုကရက်တစ် အနာဂတ်ဆီ ငြိမ်းချမ်းစွာ ဆောင်ရွက်နေကြသူများအားလုံးကို ဆက်လက်ပြီး ပြတ်သားစွာ ထောက်ခံပံ့ပိုးသွားမည်ဖြစ်ကြောင်းနှင့် စစ်အာဏာရှင်အနေဖြင့် အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်ရန်နှင့် ဒီမိုကရေစီဖြစ်စဉ် ပြန်လည်စတင်ရန်အတွက် အဓိပ္ပာယ်ပြည့်ဝပြီး အားလုံးပါဝင်သော တွေ့ဆုံဆွေးနွေးမှု အခင်းအကျင်းကို ဖန်တီးရန်လည်း တောင်းဆိုခဲ့ကြောင်း ဥရောပသမဂ္ဂ (အီးယူ)နှင့် နိုင်ငံပေါင်း ၂၇ ကျော်မှ ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။

ဖေဖော်ဝါရီ ၁ ရက်သည် မြန်မာ့နွေဦးတော်လှန်ရေး ၂ နှစ်ပြည့် နှစ်ပတ်လည်နေ့ဖြစ်ပြီး ဥရောပသမဂ္ဂကိုယ်စား အဆင့်မြင့်ကိုယ်စားလှယ်၊ အယ်လ်ဘေးနီးယား၊ အာမေးနီးယား၊ ဩစတြေးလျ၊ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၊ ကနေဒါ၊ မိုက်ခရိုနီးရှားဖက်ဒရယ်ပြည်ထောင်စု၊ ဂျော်ဂျီယာ၊ အိုက်စလန်၊ လစ်ချ်စတိန်း၊ မွန်တီနီဂရိုး၊ နယူးဇီလန်၊ မြောက်မက်ဆီဒိုးနီးယား၊ နော်ဝေ၊ ကိုရီးယားသမ္မတနိုင်ငံ၊ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ၊ ပလောင်း (ပလာအို) သမ္မတနိုင်ငံ၊ ဆားဘီးယား၊ ဆွစ်ဇာလန်၊ ယူကရိန်း၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများက ပူးတွဲထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

ဖေဖော်ဂါရီ ၁ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က မြန်မာစစ်အာဏာရှင်သည် ဒီမိုကရေစီနည်းကျကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရဆီမှ နိုင်ငံအာဏာကို လုယူခဲ့ပြီးနောက်မှာ ပြည်သူထောင်ပေါင်းများစွာ သတ်ဖြတ်ခံရခြင်းများနှင့် နေရပ်စွန့်ခွာရခြင်းများကို ဖြစ်စေသော ပျက်သုဉ်းခြင်းလမ်းပေါ်သို့ တိုင်းပြည်ကို ပို့ဆောင်ခဲ့သည်ဟု ပြောဆိုခဲ့ပါသည်။

ဆက်လက်၍ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာပြည်သူများ၏ နွေဦးတော်လှန်ရေးနှင့် NUG အစိုးရကို ယခုနှစ်တွင် ပံ့ပိုးကူညီမှုများ ပိုမိုလုပ်ဆောင်သွားမည်ဖြစ်ပြီး မနစ်မြို့

> မနှစ်မြို့ စရာကောင်းသော ၃ နှစ်မြောက် အာဏာသိမ်းမှု နှစ်ပတ်လည်နေ့အနေဖြင့် ထပ်မံရှိလာမည် မဟုတ်တော့ဘဲ မြန်မာနိုင်ငံ ဒီမိုကရေစီ လမ်းကြောင်းပေါ် ပြန်ရောက်လာတော့မည်ဟု မျှော်လင့်ကြောင်း

စရာကောင်းသော ၃ နှစ်မြောက် အာဏာသိမ်းမှု နှစ်ပတ်လည်နေ့အနေဖြင့် ထပ်မံရှိလာမည်မဟုတ်တော့ဘဲ မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်ရောက်လာတော့မည်ဟု မျှော်လင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန အတိုင်ပင်ခံပုဂ္ဂိုလ် ဒဲရက်ခ်ချောလက်က ပြောကြားခဲ့ပါသည်။

အမေရိကန်အနေဖြင့် မြန်မာစစ်ကောင်စီအပေါ် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ဖိအားများ ပိုမိုများပြားလာအောင် ဆောင်ရွက်နေပြီး၊ စစ်ကောင်စီ၏ အရည်အသွေးနှင့် လုပ်နိုင်စွမ်းများ လျော့ကျလာအောင် ဆောင်ရွက်နေကြောင်းနှင့် မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားမှုများ အပေါ်တွင် ထောက်ပံ့ကူညီနေတာကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဒေသတွင်း နိုင်ငံခြားရေးဝန်ကြီးများကြား နှစ်ရက်တာ အစည်းအဝေး အစနေ့ ဖေဖော်ဝါရီ ၃ ရက်က မြန်မာပဋိပက္ခနှင့် ပတ်သက်ပြီး စည်းလုံးညီညွတ်ရန်နှင့် တိုးတက်မှု ဖော်ဆောင်ရန် တိုက်တွန်းလိုက်ပြီး အင်အားကြီးနိုင်ငံများအနေဖြင့် ၎င်းတို့၏ ယှဉ်ပြိုင်မှုများအတွက် အရှေ့တောင်အာရှကို "ကြိုးဆွဲရာ ကိုယ်စားပြုမှု" အဖြစ် အသုံးမချကြရန် ပြောဆိုခဲ့ပါသည်။ အရှေ့တောင်အာရှ၏ စီးပွားရေးအကြီးဆုံး အင်ဒိုနီးရှားနိုင်ငံသည် အဖွဲ့ဝင် ဆယ်နိုင်ငံပါ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံ၏ ၂၀၂၃ အတွက် ဥက္ကဋ္ဌဖြစ်ပြီး တရုတ်နှင့် အမေရိကန်တို့ ပုံမှန်အားဖြင့် ပါဝင်လေ့ရှိသော အဖွဲ့ကြီး၏ နှစ်ပတ်လည် ခေါင်းဆောင်များ အစည်းအဝေးကို အိမ်ရှင်အဖြစ် ကျင်းပရမည့် အာဆီယံနိုင်ငံတစ်ခုလည်းဖြစ်ပါသည်။

ဖေဖော်ဝါရီ ၄ ရက်တွင် မြန်မာ့နိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းရန်အတွက် လွန်ခဲ့သည့် ၂ နှစ်ကတည်းက ချမှတ်ထားခဲ့သော အာဆီယံ ဘုံသဘောတူညီချက် ၅ ချက်ကို လေးစားလိုက်နာ အကောင်အထည်ဖော်ရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက အာဏာသိမ်းစစ်ကောင်စီကို ထပ်မံတောင်းဆိုခဲ့ကြပါသည်။ အာဆီယံ ဥက္ကဋ္ဌ အလှည့်ကျသော အင်ဒိုနီးရှားနိုင်ငံမှ အိမ်ရှင်အဖြစ် ဂျာကာတာမြို့တွင် ပထမဆုံးအကြိမ်အဖြစ် ၂ ရက်ကြာ ကျင်းပသည့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် တောင်းဆိုလိုက်ခြင်းဖြစ်ပြီး၊ စစ်ကောင်စီတပ်၏ နိုင်ငံခြားရေးဂန်ကြီးသစ် ဦးသန်းဆွေကိုလည်း အဆိုပါအစည်းဝေးသို့ တက်ရောက်ခွင့်မပြုခဲ့သည်ကို တွေ့ရှိရပါသည်။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရန်အတွက် နှစ်ဖက်တပ်များအကြား နားလည်မှုနှင့် ရပ်တန့်ထားသော တည်ငြိမ်မှုကာလကို ဆက်လက်ထိန်းသိမ်းထားကြရန် ဂျပန်နီပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာဆာဆာကာဝါက ပြောကြားခဲ့ပါသည်။ ဒေါက်တာဆာဆာကာဝါသည် ဖေဖော်ဝါရီ ၄ ရက်က ရခိုင်ပြည်နယ်သို့ တတိယအကြိမ်မြောက် ခရီးစဉ်အဖြစ် ရောက်ရှိလာပြီး၊ ရက္ခိုင့်တပ်တော် (AA)၏ နိုင်ငံရေးမှူး ဦးဦးလှစောနှင့်တွေ့ဆုံစဉ် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်ပါသည်။ ဆက်လက်၍ ရခိုင်စစ်ရှောင်စခန်းမှ ကလေးငယ်များ ပညာဆက်လက်သင်ကြားနိုင်ရန် ကြိုးပမ်းကူညီသွားမည်ဟုလည်း ပြောကြားခဲ့ပြီး၊ ဒေါက်တာဆာဆာကာဝါ၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် မြောက်ဦးမြို့ရှိ မြတန်ဆောင်း စစ်ဘေးရှောင်စခန်း၊ မြို့သစ်စစ်ဘေးရှောင်စခန်း၊ မြို့ဦးခေါင်း စစ်ဘေးရှောင်စခန်း နှင့် တိမ်ညိုစစ်ဘေးရှောင်စခန်းတို့သို့ သွားရောက်ခဲ့ပါသည်။

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်းအကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI ၏
အဖွဲ့ဝင်သတင်းဌာန(၁၅)ဖွဲ့အပြင်
အခြားသောပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

Weekly News Review